# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၁၈

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈ တွင် ချမှတ်သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသော အယူခံမှု။

| | | |
|---|---|---|
| NTR Myanmar Co.Ltd<br>(၎င်း၏ကိုယ်စားဒါရိုက်တာ ဦးဖုန်းနိုင်ဦး) | နှင့် | Nine Automobile Asia Co.Ltd<br>(၎င်း၏ကိုယ်စားဦးနေမင်းလှ၊<br>ဒါရိုက်တာ အဖွဲ့ဝင်) |
| အယူခံတရားလို | | အယူခံတရားပြိုင် |

အယူခံတရားလိုအတွက် - ဦးလှစိန်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးသန်းစိုး၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈ တွင် တရားလို နိုင်းအော်တိုမိုဘိုင်းအာရှကုမ္ပဏီလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေမင်းလှက တရားပြိုင် အင်န်တီအာမြန်မာကုမ္ပဏီလီမိတက်အပေါ် ကုန်အမှတ်တံဆိပ်အားထင်ရောင်ထင်မှား ဆင်တူယိုးမှားတုပထုတ်လုပ်ထားသော NTRK ကုန်အမှတ်တံဆိပ်အမှတ်အသားပါ မော်တော်ယာဉ် သုံးအပိုပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု မပြုစေရန် ထာဝရတားမြစ်မိန့်ရလိုမှုစွဲဆိုရာ အနိုင် ဒီကရီချမှတ်သည်။ ယင်းစီရင်ချက်နှင့်ဒီကရီအပေါ် တရားပြိုင်ကုမ္ပဏီက မကျေနပ်သဖြင့် ဤတရားမ အယူခံမှုကို တင်သွင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် ပြည်တွင်းတရားဝင်ကုမ္ပဏီတစ်ခုဖြစ်ပြီး စင်္ကာပူနိုင်ငံ အခြေစိုက် JNBK Corporation (PTE) Ltd နှင့်ဆက်သွယ်၍ ၎င်းတို့ထုတ်လုပ်သော "NIBK" ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်သုံးအပိုပစ္စည်း (Brake pads, Brake shoes, Brake Lining နှင့် Suspension Parts.) များကို ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ယင်းသို့ရောင်းချရာတွင် မြန်မာနိုင်ငံအတွင်း တစ်ဦးတည်း

သော တရားဝင်ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် (Exclusive Distributor ) အဖြစ် ၂၀၁၃ ခုနှစ် ခန့်မှစတင်ရောင်းချမှုပြုခဲ့ကြောင်း၊ ယင်းသို့ဖြန့်ဖြူးရောင်းချမှုပြုလုပ်မည့်အကြောင်း (၂၃-၇-၂၀၁၄) (၁-၁၁-၂၀၁၅) ရက်နေ့ထုတ်ကြေးမုံသတင်းစာများ၌ အများသိစေရန်ကြော်ငြာခဲ့ပြီးဖြစ်ကြောင်း၊ "NIBK" ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်သုံးအပိုပစ္စည်းများသည် တာရှည်ခိုင်ခန့်မှု၊ အရည် အသွေးကောင်းမွန်မှု၊ ဈေးနှုန်းမျှတမှုများအပေါ် အာမခံချက်အပြည့်အဝရှိသော ပစ္စည်းများဖြစ်၍ ဈေးကွက်အောင်မြင်မှုရခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်စပိုင်းတွင် တရားလို၏တဆင့်ခံ အရောင်းကိုယ်စား လှယ်များမှတဆင့် တရားလို၏ "NIBK" ကုန်အမှတ်တံဆိပ်နှင့်ပုံသဏ္ဍာန်၊ အရည်အသွေး၊ ထုတ်ပိုးမှု ပုံစံထပ်တူနီးပါးတူညီသော အမျိုးတူပစ္စည်းများကို ဈေးကွက်အတွင်း ရောင်းချပေးရန် ကမ်းလှမ်းမှု များရှိလာပြီး ယင်းပစ္စည်းများသည် မိမိတို့ပစ္စည်းများနှင့်ဈေးနှုန်းများလျော့နည်းကွာဟပြီး ပုံမှန် ဖေါက်သည်များမှာ အဆိုပါ"NtRK" တံဆိပ်အား မိမိတို့၏ "NIBK" တံဆိပ်ပစ္စည်းများဟု ထင်မှတ်၍ ဝယ်ယူသုံးစွဲမှုပြုလုပ်နေကြောင်းအကြောင်းကြားသဖြင့် တရားလိုကစုံစမ်းရာ၊ ယင်းပစ္စည်းများသည် တရားပြိုင်ကုမ္ပဏီကထုတ်လုပ်ရောင်းချခြင်းဖြစ်ပြီး၊ တရားလိုကုမ္ပဏီက ဖြန့်ဖြူးရောင်းချနေသော ပစ္စည်းများနှင့်အရောင်အသွေး၊ စာလုံးဒီဇိုင်းပုံစံ၊ အမျိုးအစားတပ်တူနီးပါးညီယုံမက ပစ္စည်းထုတ်ပိုး သည့်ဘူးခွံ (Package Box)ပုံစံ၊ အရောင်အသွေးများပါ ထက်တူဖြစ်နေကြောင်း၊ တရားပြိုင်က အဆိုပါ "NtRK" တံဆိပ်ပစ္စည်းများကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ဖြန့်ဖြူးရောင်းချလာမှုကြောင့် တရားလို၏ "NiBK" တံဆိပ်ပစ္စည်းများ ပုံမှန်သုံးစွဲသူ ဖောက်သည်များအကြား နာမည်ဂုဏ်သတင်း ကျဆင်းလျှက် တရားလို၏ရောင်းအားအပေါ် ထိခိုက်နစ်နာမှုဖြစ်ပေါ်စေကြောင်း၊ တရားပြိုင်သည် ၎င်း "NtRK"တံဆိပ်ပစ္စည်းအား ၂၀၁၅ ခုနှစ်တွင် မှတ်ပုံတင်သွင်းခဲ့သည့်ပြင် တရားပြိုင်ကိုယ်တိုင် ထုတ်လုပ်ခြင်းမပြုဘဲ ပြည်ပမှတဆင့် ဝယ်ယူတင်သွင်းရောင်းချခြင်းဖြစ်ကြောင်း၊ တရားလိုက တရားပြိုင်ထံ (၂၆-၁၂-၂၀၁၅) ရက်နေ့စွဲပါ ရှေ့နေမှတဆင့်နို့တစ်စာပေးပို့လျက် တားမြစ်ခဲ့သော်လည်း လိုက်နာမှုမပြုနိုင်ဟု ငြင်းဆန်ပြီး (၈-၁-၂၀၁၆) ရက်နေ့စွဲပါ နို့တစ်စာပြန်စာအား ပေးပို့ပြန်ကြား ခဲ့ကြောင်း၊ ထို့ကြောင့် တရားလိုက ယခုအမှုအား စွဲဆိုရခြင်းဖြစ်ကြောင်းအဆိုပြုထားသည်။

ချေလွှာတွင် တရားပြိုင်ကုမ္ပဏီသည် မော်တော်ယာဉ်သုံးဆက်စပ်အပိုပစ္စည်းများကို နိုင်ငံပေါင်းစုံမှ တိုက်ရိုက်သော်လည်းကောင်း၊ နယ်စပ်ဂိတ်များမှ တဆင့်သော်လည်းကောင်း၊ တင်သွင်းလျှက် မြန်မာနိုင်ငံတဝှမ်းလုံး ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ထိုသို့ဖြန့်ချိရောင်းချ နေသောကုန်ပစ္စည်းများ၌ အသုံးပြုရန်အလို့ငှာ "NtRK"ကုန်အမှတ်တံဆိပ်ပစ္စည်းအား စာချုပ် စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် မှတ်ပုံတင်သွင်းထားကြောင်း၊ တရားလို၏ ကုန်အမှတ်တံဆိပ်အား ဆင်တူယိုးများပြုလုပ်ခြင်းမဟုတ်ကြောင်း၊ "NIBK" နှင့် "NtRK"သည် အင်္ဂလိပ်အက္ခရာစလုံးတူညီမှုမရှိကြောင်း၊ တရားလိုသည်"NIBK" အမှတ်တံဆိပ်မူရင်း ပိုင်ရှင်ဖြစ်သူ "JNBK" ကုမ္ပဏီထံမှ ယင်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ တရားစွဲဆိုရန် ခွင့်ပြုချက် အား အမှုတွင် တင်ပြထားခြင်းမရှိသောကြောင့် ယခုအမှုအား စွဲဆိုပိုင်ခွင့် မရှိကြောင်း အဓိကချေပ ထားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ငြင်းချက်(၄)ရပ်ထုတ်၍ ငြင်းချက်(၂) အား ပဏာမငြင်းချက်အဖြစ်ကြားနာပြီး တရားလိုသည် ဤအမှုကို "JNBK" ကုမ္ပဏီမှ တရားစွဲဆို ခွင့်ပြုချက်မရှိ၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ကြောင်း ဖြေဆိုသည်။

တရားပြိုင်သည် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် "NTRK" တံဆိပ်ဖြင့် ကုန်ပစ္စည်းများရောင်းချသည်မှာ မှန်ကြောင်း၊ တရားလိုသည် စင်္ကာပူအခြေစိုက်တည်ထောင်ထားသော JNBK Corporation (PTE) Ltd နှင့်ဆက်သွယ်၍ "NIBK"ကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများကို ၂၀၁၃ ခုနှစ်ကပင် စာချုပ်ချုပ်ဆိုကာ ဖြန့်ဖြူးရောင်းချနေသူဖြစ်သည်မှာလည်း မှန်ကြောင်း၊ တရားလိုကုမ္ပဏီမှရောင်းချသည့် "NIBK" ကုန်အမှတ်တံဆိပ်နှင့် တရားပြိုင်ကုမ္ပဏီမှ ရောင်းချသည့် "NTRK" ကုန်အမှတ်တံဆိပ်တို့သည် ဆင်တူရိုးမှားရှိသည်မှာမှန်ကြောင်း၊ တရားပြိုင်ကုမ္ပဏီမှ "NTRK" အမှတ်အသားပါ ပစ္စည်းများဖြန့်ဖြူးရောင်းချထားမှုကြောင့် တရားလိုကုမ္ပဏီ၏ "NIBK" ကုန်အမှတ်တံဆိပ် ကားပစ္စည်းများရောင်းချမှုကျဆင်းခဲ့ရသည်မှာ ပေါ်လွင်ခဲ့ကြောင်း၊ တရားလို ကုမ္ပဏီသည် "NIBK" ကုန်အမှတ်တံဆိပ်ကားပစ္စည်းများကို ပြည်ပမှတဆင့်ကုန်ပစ္စည်းအမှာစာများဖြင့် တင်သွင်းရောင်းချခဲ့သူဖြစ်သော်လည်း၊ တရားပြိုင်ကုမ္ပဏီအနေဖြင့် "NTRK" ကုန်အမှတ်တံဆိပ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းခဲ့သည့်အထောက်အထားတင်ပြနိုင်ခြင်းမရှိ ကြောင်း၊ တရားလိုကုမ္ပဏီသည် "NIBK" ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၅၉၂၆/၂၀၁၃ ဖြင့် တရားပြိုင်ကုမ္ပဏီ၏ "NTRK" ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ ထက်စော၍ကုန်ပစ္စည်းများဖြန့်ဖြူးနေသူဖြစ်ပြီး ၂၀၁၃ ခုနှစ်မှပင် စတင်အသုံးပြုနေခြင်းဖြစ်သောကြောင့် တရားလိုကုမ္ပဏီသည် "NIBK" ကုန်အမှတ်တံဆိပ်အတွက် အကာအကွယ်ရခွင့်ရှိကြောင်း၊ တရားလိုကုမ္ပဏီသည် တရားပြိုင်ကုမ္ပဏီမှ ရောင်းချနေသည့် "NTRK"ကုန်အမှတ်တံဆိပ်အမှတ်အသားပါ မော်တော်ယာဉ်သုံးအပိုပစ္စည်းများထုတ်လုပ်ရောင်းချခြင်း မပြုရန် ထာဝရတားဝရမ်းရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီချမှတ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တရားလိုကုမ္ပဏီ "NiBK" ကုန်အမှတ်တံဆိပ်နှင့်တရားပြိုင်ကုမ္ပဏီ "NtRK" ကုန်အမှတ်တံဆိပ်တို့သည် ဆင်တူရိုးမှား ဖြစ်သည်ဟုဆိုငြားသော်လည်း စာလုံးများဖြစ်သည့်"NiBK" နှင့် "NtRK"စာလုံးမှာမတူကြောင်း၊ စာလုံးအထားအသိုများမှာလည်း ကွဲပြားခြားနားမှုရှိပါလျှက် ဆင်တူရိုးမှားဖြစ်နေကြောင်း သုံးသပ်ခြင်းမှာ ဥပဒေအမှန်တရားကို ပျောက်ကွယ်စေမည့်ကဲ့သို့ဖြစ်နေကြောင်း၊ "NiBK" ကုန်အမှတ်တံဆိပ်ကို တရားလိုက တရားပြိုင်ထက်စောစွာမှတ်ပုံတင်ခဲ့ခြင်း၊ တရားလိုကုမ္ပဏီရောင်းချသည့် ကုန်ပစ္စည်းများမှာစင်္ကာပူနိုင်ငံမှမှာယူ၍ ရောင်းချခြင်းဖြစ်ကြောင်း တင်ပြနေသော်လည်း၊ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများသာဖြစ်ပြီး၊ တရားလိုကုမ္ပဏီကိုယ်တိုင်ဖန်တီးသည့်ပစ္စည်းများ မဟုတ်ခြင်း၊ တရုတ်နိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများဖြစ်၍ မြန်မာနိုင်ငံတွင် တရားစွဲဆိုခွင့် မရှိသဖြင့် ထာဝရတားဝရမ်းထုတ်ပေးခွင့်မရှိကြောင်း၊ တရားပြိုင်ကုမ္ပဏီ၏ကုန်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်ဆင်တူရိုးမှားဖြစ်သည်ဆိုသောကြောင့် ထာဝရတားဝရမ်းရထိုက်ကြောင်း ဒီကရီချမှတ်ပေးခဲ့ခြင်းမှာနို ငံသားတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းထိခိုက်စေသည့်သဖွယ်ဖြစ်လျှက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး အယူခံမှုအားခွင့်ပြုသည့် အမိန့်ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက တရားပြိုင်ကုမ္ပဏီသည် မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ တွင်ဖော်ပြ၍ မှတ်ပုံတင်ထားသော "NTRK"ကုန်အမှတ်တံဆိပ်နှင့် ၎င်းတို့မှတင်သွင်းဖြန့်ဖြူးရောင်းချနေသော"NtRK"ကုန်အမှတ်တံဆိပ်နှစ်ခုသည် လုံးဝမတူညီကွဲပြား

ခြားနားကြောင်း၊ မှတ်ပုံတင်ထားသည့်ကုန်အမှတ်တံဆိပ်အတိုင်းအသုံးမပြုဘဲ တရားလိုကုမ္ပဏီက တရားဝင် မူပိုင်အဖြစ်မှတ်ပုံတင်သွင်းအသုံးပြုနေသော "NiBK" ကုန်အမှတ်တံဆိပ်အား ဆင်တူ ယိုးမှားတုပထားသည့်အမှတ်တံဆိပ်ပါပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း၊ တရားပြိုင်၏ချေလွှာတွင် တရုတ်နိုင်ငံမှထုတ်လုပ်သောပစ္စည်းများဖြစ်၍ မြန်မာနိုင်ငံအတွင်း တရားစွဲဆိုခွင့် မရှိကြောင်းကို ငြင်းဆိုချေပခဲ့ခြင်းမရှိသည့်အပြင် အချင်းဖြစ် "NtRK" ကုန်အမှတ်တံဆိပ်ပါပစ္စည်း များကိုတရုတ်နိုင်ငံမှတရားပြိုင်မှာယူတင်သွင်းခြင်းဖြစ်သည်ဆိုသော အချက်မှာနှုတ်ထွက်ဆိုချက်မှ အပ သက်သေတစ်စုံတစ်ရာတင်ပြထားနိုင်ခြင်းမရှိကြောင်း၊ ကုန်အမှတ်တံဆိပ် ၂ ခုသည် (i)(K) အက္ခရာစာလုံး(၂)လုံးမတူညီကွဲပြားသည်မှအပ တရားလိုကုမ္ပဏီ၏ "NiBK" အမှတ်တံဆိပ်ဘူးခွံပါ စာလုံးဒီဇိုင်းပုံစံ၊ Logo ကားတွန်းရုပ်ငယ်အမှတ်အသားနှင့် အင်္ဂလိပ်ဝါကျစာတန်းပါ၊ ဂျပန်ဝါကျ စာတန်းပါအတိုင်း မျဉ်းကြောင်းမျဉ်းကွေးများ၊ ဘူးခွံအရောင်းအသွေးများမှာ တရားပြိုင်ကုမ္ပဏီ၏ "NtRK" အမှတ်တံဆိပ်ဘူးခွံတွင်ထပ်တူပါရှိတူညီနေကြောင်း၊ ဘူးခွံအတွင်း၌ ထည့်သွင်းထားသော ဘရိတ်ပတ်၊ ဘရိတ်ရှူးပစ္စည်းနှစ်ခြမ်းနှင့် ဆီထုပ် ၁ ထုပ်ထည့်သွင်းထုတ်ပိုးထားခြင်းတူညီကြောင်း၊ ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ်အချင်းချင်းသည် ထပ်တူထပ်မျှ တူညီရန်မလို၊ တံဆိပ်နှစ်ခုကို နှိုင်းယှဉ်ကြည့်ရှုလျှင် အနည်းငယ်ကွဲပြားချက်များရှိသော်လည်း တစ်ခုနှင့်တစ်ခုဆင်တူယိုးမှားဖြစ် လောက်အောင်တူညီလျှင် အတုပြုလုပ်ခြင်းမြောက်ကြောင်း၊ တရားပြိုင်သည် တရုတ်ပြည်ရှိ ကုမ္ပဏီတစ်ခုမှ တင်သွင်းလျက်တရားလိုသတ်မှတ်ရောင်းချသော ပစ္စည်းဈေးနှုန်းထက်ပိုမိုသက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနေပြီး တရားလိုကုမ္ပဏီ၏ ပင်ရင်းကုမ္ပဏီဖြစ်သော စင်္ကာပူနိုင်ငံကုမ္ပဏီက "NiBK" အမှတ်တံဆိပ်ကဲ့သို့အသစ်ထပ်မံဖြန့်ဖြူး သောပစ္စည်းများဟု တင်သွင်းရောင်းချခြင်းဖြစ်ကြောင်း၊ တရားလိုကုမ္ပဏီ၏ဈေးကွက်အကျိုးစီးပွား အပေါ် ယုတ်လျော့ထိခိုက်နစ်နာစေကြောင်း မြင်သာထင်ရှားကြောင်း၊ ယင်းသို့တရားပြိုင် ကုမ္ပဏီ သည် တရားလိုကုမ္ပဏီကဖြန့်ဖြူးရောင်းချနေသော အမျိုးအစားတူကုန်စည်များကို အမှတ်တံဆိပ် နှင့်လုံးဝနီးပါးတူညီအောင် တုပပြုလုပ်၍ ဖြန့်ဖြူးရောင်းချမှုပြုခြင်းအပေါ် တရားလိုတွင် သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၅၄ အရအခွင့်အရေးရှိကြောင်း၊ အယူခံမှုကိုပလပ်၍ ရန်ကုန်တိုင်း ဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက်အတည်ပြုသည့် အမိန့်ချမှတ်ပေး ရန်လျှောက်လဲတင်ပြသည်။

အမှုတွင် တရားလို နိုင်းအော်တိုမိုဘိုင်းအာရှကုမ္ပဏီလီမိတက်က စင်္ကာပူနိုင်ငံ အခြေစိုက် JNBK Corporation (PTE) Ltd မှထုတ်လုပ်သော "NiBK" ကုန်အမှတ်တံဆိပ် မော်တော်ယာဉ်သုံးအပိုပစ္စည်းကို **သက်သေခံ(ဠ)** "NiBK" ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ် အမှတ် ၅၉၂၆/၂၀၁၃ ဖြင့်မှတ်ပုံတင်၍လည်းကောင်း၊ တရားပြိုင်ကုမ္ပဏီကလည်း "NTRK" ကုန် အမှတ်တံဆိပ်ကို **သက်သေခံ(၂)** မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ ဖြင့် မှတ်ပုံတင်၍ လည်းကောင်း၊ မော်တော်ယာဉ်သုံးအပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချကြောင်းမှာ အငြင်းမပွား ပေါ်ပေါက်သည်။

တရားလိုကုမ္ပဏီသည် "NIBK" ကုန်အမှတ်တံဆိပ် မော်တော်ယာဉ်အသုံးအပိုပစ္စည်း ကိုဖြန့်ဖြူးရောင်းချနေခြင်းနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ JNBK ကော်ပိုရေးရှင်းမှ ၎င်းတို့၏ "NIBK" ကုန်အမှတ်တံဆိပ်ကို တရားလိုကုမ္ပဏီအား မြန်မာနိုင်ငံတွင် အသုံးပြုခွင့်ပေးထားကြောင်းကို **သက်သေခံ(ဃ)(ဏ)(တ)** စာရွက်စာတမ်းများကို တင်ပြထားပြီး တရားလိုကုမ္ပဏီက "NiBK"ကုန်

အမှတ်တံဆိပ်ဖြင့် ဘရိတ်ရှူး(Brake shoes)၊ ဘရိတ်ပက်(Brake pads)နှင့်ကားအောက်ပိုင်းသုံး အပိုပစ္စည်းများကို ၂၀၁၃ ခုနှစ်ကပင်မှာကြားတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ **သက်သေခံ(ဟ)မှ(ဟ-၃၁)** တို့ကိုတင်ပြထားသည်။ တရားပြိုင် ကုမ္ပဏီအနေဖြင့် အချင်းဖြစ် “NtRK” ကုန်အမှတ်တံဆိပ် ကား အပိုပစ္စည်းများကို တရုတ်နိုင်ငံမှတရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချနေခြင်းဖြစ်ကြောင်း စာရွက်စာတမ်း အထောက်အထားတင်ပြထားခြင်းမရှိပေ။

“NiBK” ကုန်အမှတ်တံဆိပ်နှင့် “NtRK” ကုန်အမှတ်တံဆိပ်ဗူးခွံ(၂)ခုကို နှိုင်းယှဉ်ကြည့်ရာတွင် အင်္ဂလိပ်စာလုံး N အကြီးစာလုံးချင်းတူညီကြောင်း၊ “NtRK” ကုန်အမှတ်တံဆိပ်တွင် “NiBK” စာလုံး၏အောက်ခြေ၌ပါရှိသော ကာတွန်းရုပ်ငယ်နှင့်တစ်ပုံစံတည်းကာတွန်းရုပ်ငယ်ပါရှိပြီး၊ အင်္ဂလိပ်ဘာသာစာတန်းနှင့် အဓိပ္ပါယ်တူသော အင်္ဂလိပ်ဘာသာစာတန်းပါရှိကြောင်း၊ “NiBK” အင်္ဂလိပ်စာလုံးအပေါ်နှင့် အောက်ခြေရှိမျဉ်းကြောင်း (၂)ကြောင်းပုံသဏ္ဍာန်အတိုင်း “NtRK” ကုန်အမှတ်တံဆိပ်တွင်လည်းပါရှိကြောင်း၊ တရားလို၏ ကုန်အမှတ်တံဆိပ် DISC စာလုံးနှင့် PADS စာလုံးစာတန်း (၂) တန်းအကြား၌ လိမ္မော်ရောင်မျဉ်းတန်း(၂) တန်းပါရှိပြီး၊ အဆိုပါ လိမ္မော်ရောင်မျဉ်းတန်း(၂)တန်းအကြားတွင် အင်္ဂလိပ်ဘာသာစာတမ်း၊ ဂျပန်ဘာသာစာတမ်း(၂)တန်းပါရှိ သကဲ့သို့ “NtRK” ကုန်အမှတ်တံဆိပ်ဗူးခွံ၌ ဖော်ပြပါရှိကြောင်း၊ တရားပြိုင်ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်ကိုယ်စားလှယ် ဦးဖုန်းနိုင်ဦး က ထွက်ဆိုထားသည်ကို တွေ့ရသည်။ တရားလို၊ တရားပြိုင်တို့၏ ကုန်အမှတ်တံဆိပ်များဖြင့်ရောင်းချသည့် ဗူးခွံ၊ ပါဝင်သည့်ပစ္စည်း၊ ထုပ်ပိုးမှုတို့ကိုရိုက်ကူး တင်ပြထားသော **သက်သေခံ(လ)** ရှိဓါတ်ပုံမှတ်တမ်းများအရ “NtRK” ကုန်အမှတ် တံဆိပ်နှင့် “NiBK” ကုန်အမှတ်တံဆိပ်ဗူးခွံ(၂)ခုသည် သာမန်ကြည့်ရှုရုံဖြင့် တူညီလျက်ရှိကာ“NiBK”ကုန်အမှတ်တံဆိပ် ကားအပိုပစ္စည်းများဖြန့်ဖြူးရောင်းချပေးသူ တရားလိုပြသက်သေ ဦးဇော်လင်းမြင့် ၏ထွက်ဆိုချက်များအရ ဈေးကွက်တွင် တရားပြိုင်ကုမ္ပဏီက “NtRK” ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချခဲ့ခြင်းတွင် “NiBK” ကုန်အမှတ်တံဆိပ်ဟု ထင်မှတ်သုံးစွဲမှုများပေါ်ပေါက်လျက်ရှိပြီး ယင်းကိစ္စကို တရားပြိုင်ကုမ္ပဏီဘက်မှ ငြင်းကွယ်ချေပခြင်းမတွေ့ရှိရပေ။

တုပမှုမြောက်ရန် အခင်းဖြစ်တံဆိပ်(အမှတ်အသား)နှစ်ခုသည် အချက်အလက်တိုင်းတွင် တူဖို့မလိုပေ။ အဆိုပါ တံဆိပ်နှစ်ခုတူနေခြင်းသည် ဆိုင်ရာအမှု၏အကြောင်းခြင်းရာများအရ ကုန်ပစ္စည်းများကို သာမန်အားဖြင့် သို့မဟုတ် ပခေအားဖြင့်ရောင်းရန်ရည်စူးသောလူတန်းစားအား လှည့်ဖြားရန်စီမံပြုလုပ်ထားသည်ဟု သဘောရရှိလျှင် တုပမှုဖြစ်ရန်ဥပဒေအရ လုံလောက်သည်ဟု **ဂေါ်ရှမ်းဆွတ်နှင့်အီး၊ စီ၊ မဒါးဘရားသား(စ်) အမှု** [၁] တွင် ထုံးဖွဲ့ထားသည်။

တရားလိုကုမ္ပဏီသည် “NIBK” ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်စာချုပ်အမှတ် ၅၉၂၆/၂၀၁၃ ဖြင့် တရားပြိုင်ကုမ္ပဏီ၏ “NTRK” ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် ၆၅၅၅/၂၀၁၅ ထက်စော၍ ကားအပိုပစ္စည်းများဖြန့်ဖြူးရောင်းချပေးသူဖြစ်ပြီး၊ တရားပြိုင်ကုမ္ပဏီသည် တရားလိုကုမ္ပဏီမှစင်္ကာပူနိုင်ငံမှတရားဝင်မှာယူတင်သွင်းခဲ့သည့် “NiBK” ကုန်အမှတ်တံဆိပ်နှင့်ဆင်တူယိုးမှားပြုလုပ်ထားသည့်“NtRK”ကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ **သက်သေခံ(ထ)မှ(မ)** ရှိပြေစာများအရ ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ ထို့သို့ဖြန့်ဖြူးရောင်းချသဖြင့် တရားလိုကုမ္ပဏီ၏

၁။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၃၆(တရားလွှတ်တော်)

"NiBK" ကုန်အမှတ်တံဆိပ် ကားအပိုပစ္စည်းဖြန့်ဖူးရောင်းချခြင်းတွင် ရောင်းအားကျဆင်းစေခဲ့ကြောင်း၊ တရားလိုကုမ္ပဏီ၏အကျိုးစီးပွားကို ထိပါးမှုပေါ်ပေါက်ပြီး၊ တရားလိုကုမ္ပဏီတွင် ကုစား၍မရနိုင်သောနစ်နာမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ တရားလိုကုမ္ပဏီအနေဖြင့်တောင်းဆိုသော သက်သာခွင့်ရထိုက်ကြောင်း သုံးသပ်တွေ့ရှိသည်။

သို့ဖြစ်ရာ တရားလိုကုမ္ပဏီသည်"NIBK"ကုန်အမှတ်တံဆိပ်ကို တရားပြိုင်ကုမ္ပဏီ၏ "NTRK" ကုန်အမှတ်တံဆိပ်ထက်စောစွာ ၂၀၁၃ ခုနှစ်ကပင် တရားဝင်ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်သဖြင့် ၎င်း၏ကုန်အမှတ်တံဆိပ်အတွက် အကာအကွယ်ရထိုက်ခွင့်ရှိကြောင်း သုံးသပ်၍ " တရားလိုနိုင်ငံအော်တိုမိုဘိုင်းအာရှကုမ္ပဏီလီမိတက်သည် တရားပြိုင် အင်တီအာမြန်မာကုမ္ပဏီလီမိတက်မှ ရောင်းချနေသည့် "NTRK" ကုန်အမှတ်တံဆိပ်အမှတ်အသားပါ မော်တော်ယာဉ်သုံးအပိုပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရန် ထာဝရတားဝရမ်းရထိုက်ခွင့်ရှိကြောင်း အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းမှာ အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ မှန်ကန်မှုရှိကြောင်း သုံးသပ်ရရှိသည်။

ထို့ကြောင့်[ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။]

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( ခင်မောင်ကြည်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး